# အမှတ်တရ မိုင်ယာမီ (၄)

ဉာဏ်ဦးမောင်



**မိုင်ယာမီ၊** တချို့ကတော့ မီယာမီ –တဲ့။ ဘယ် လို ပဲ ခေါ် ခေါ်၊ သေချာတာကတော့ မိုင်ယာမီ ဆိုတာ ထင်ရှား ကျော် ကြား တဲ့ မြို့တမြို့ ဖြစ်တယ်ဆိုတာပါပဲ။ နောက်ပြီး လှလည်း လှတဲ့ မြို့တမြို့။ ရာသီဥတု အစွန်း မရောက်တာကို နှစ်သက်သူတွေ အတွက် လည်း နေပျော်ဖွယ်မြို့ ဖြစ်မှာပေါ့။ ဒါပေမယ့် မကြာမကြာ အလည်လာတတ်တဲ့ မုန်တိုင်း ရဲ့ ကြမ်းတမ်းတဲ့ ပွေ့ဖက်ဟန်ကို လက်ခံရဲ တဲ့ သတ္တိတော့လည်း ရှိဖို့လိုမပေါ့။

မိုင်ယာမီက အမေရိကန်နိုင်ငံနဲ့ အရှေ့တောင်ထောင့်မှာတည်ရှိတဲ့ ဖလော်ရီဒါပြည်နယ်ရဲ့ အရှေ့တောင်ဒေသက မြို့တမြို့။ အပူပိုင်း ရာသီဒေသမှာ။ သတင်းအချက်အလက်တွေနဲ့ နည်းပညာဆိုင်ရာတွေကိုပါ စုဆောင်းထားတဲ့ ဝီကီပီဒီယားခေါ် အင်တာနက်ဝက်ဘဆိုက်မှာ မိုင်ယာမီကို **Global City**လို့ ဖော်ပြပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ကြီးမှာ စီးပွားရေး၊ နိုင်ငံတကာ ကုန်သွယ်ရေးနဲ့ ဆက်သွယ်ရေး၊ ဖျော်ဖြေရေးစတာတွေပေါ်မှာ အရေးပါတဲ့မြို့တမြို့ ပိုပိုဖြစ်လာတယ်လို့လည်း ဖော်ညွှန်းပါတယ်။ ထင်ရှားတဲ့ ဘဏ်ကြီးတွေ၊ ကုမ္ပဏီကြီးတွေရဲ့ ရုံးချုပ်တွေ အခြေစိုက်ရာမြို့တမြို့ပေါ့။ အထူးသဖြင့် လှပတဲ့ကမ်းခြေတွေနဲ့ နွေးထွေးတဲ့ရာသီဥတုစတဲ့ အားသာမှုတွေကြောင့် မိုင်ယာမီက အပျော်စီး **(cruse)** သင်္ဘောခရီးစဉ်များရဲ့ ဗဟိုချက်မ မြို့တမြို့ ဖြစ်ပါသတဲ့။ နယူးယောက်၊ လော့စ်အင်ဂျလိစ်နဲ့ ချီကာဂိုမြို့တွင်ပြီးလျှင် မိုင်ယာမီက အမေရိကန်နိုင်ငံရဲ့ စတုတ္ထမြောက် အကြီးမားဆုံး မြို့ပြလူနေမှု ဝန်းကျင်တခုလည်း ဖြစ်လာပါသတဲ့။ ဒီဒေသအတွင်းမှာ မိုင်ယာမီဒိတ်ကောင်တီ၊ ဘရောဝါဒ်ကောင်တီနဲ့ ပန်းဘိချ်ကောင်တီတို့ ပါဝင်ပါတယ်။



တောင်ပိုင်းဖလော်ရီဒါလို့လည်းခေါ်တဲ့ ဒီဝန်းကျင်မှာ ၂၀၀၅ ခု သန်းခေါင်စာရင်းဌာန ခန့်မှန်းစစ်တမ်း အရ ၅၂ ရာနှုန်းက အိမ်မှာ အင်္ဂလိပ်စကားပြောပြီး ၄၈ ရာနှုန်းက အခြားဘာသာစကားပြောကြတယ်တဲ့။ အခြားဘာသာစကားဆိုရာမှာ စပိန်ဘာသာစကားပြောသူက ၇၂ ရာနှုန်းရှိပါတယ်တဲ့။ မိုင်ယာမီမြို့တမြို့ထဲမှာဆိုလျှင်ဖြင့် အမိဘာသာစကားအဖြစ် စပိန်စကားကို ပြောဆိုသူက ၆၇ ရာခိုင်နှုန်းနဲ့ အင်္ဂလိပ်ဘာသာစကားကို ပြောဆိုသူက ၂၅ ရာခိုင်နှုန်းပဲ ရှိပါသတဲ့။

လက်တင်အမေရိကဖက်က ပြောင်းရွှေ့အခြေချလာသူတွေ အများဆုံးနေတဲ့မြို့။ အထူးသဖြင့် ပြောင်းရွှေ့ထွက်ပြေးလာတဲ့ ကျူးဘားအများစု နေထိုင်တဲ့ဒေသ။ ၁၉၅၉ ခု၊ ဖီဒယ်လ် ကက်စထရို အာဏာရလာပြီးနောက် ကျူးဘားပညာတတ်တွေနဲ့ ငွေကြေးချမ်းသာသူ အမြောက်အများ အမေရိကန်နိုင်ငံဆီ ထွက်ပြေးလာရာမှာ ဖလော်ရီဒါက သူတို့တွေရဲ့ အဓိက အခြေစိုက်ရာ ဖြစ်လာပါတယ်တဲ့။ ကျူးဘန်းများရဲ့ ဒုတိယအိမ်လို့လည်း ဆိုနိုင်တန်ကောင်းရဲ့။ ကျူးဘန်းတွေအနေများတဲ့ဝန်းကျင်ကိုတော့ လစ်တဲလ် ဟာဗာနား၊ ဟေတီကလာသူတွေ အများစုနေရာကိုတော့ လစ်တဲလ် ဟေတီ၊ နီကာရာဂွာတွေ အနေများတဲ့ ရက်ကွက်ကိုတော့ လစ်တဲလ် မန်နဂွာ စသဖြင့်ခေါ်ဝေါ်ကြတယ်။ အလားတူပဲ လစ်တဲ ဘရာဇီး၊ လစ်တ်လ် မော်စကို၊ လစ်တဲလ် ဆန်ဟွမ်စသဖြင့် လူမျိုးစုတွေ နေထိုင်ကြတာတွေကို စွဲခေါ်ထားတဲ့နေရာလေးတွေက များမှများ။ သူ့နေရာမှာ သူ့ဘာသာစကား၊ သူ့ယဉ်ကျေးမှု၊ သူ့အစားအစားလေးတွေနဲ့ သီးသန့်နိုင်ငံလေးတွေ သဏ္ဍာန်။ တကယ်လို့ ဖလော်ရီဒါသာ ကိုယ့်နိုင်ငံရဲ့ အိမ်နီးနားချင်းဖြစ်ခဲ့မယ်ဆိုလျှင် အလုံးအရင်းနဲ့ ထွက်ပြေးကြရ၊ ပြောင်းရွှေ့နေထိုင်ကြရတဲ့ ကိုယ့်လူမျိုးတွေကြောင့် လစ်တ်လ် ဘားမား၊ ဒါမှမဟုတ် လစ်တ်လ် ရန်ကုန်ဆိုတာလည်း ဟောဒီမိုင်ယာမီမှာ တစ်ခုအပါအဝင် ဖြစ်နေမှာသေချာတယ်လို့ ကိုယ်က တွေးမိသေးတယ်။

နိုင်ငံတကာပြောင်းရွှေ့လာသူတွေ ယဉ်ကျေးမှုတွေ၊ အသားအရောင်တွေနဲ့ နောက်ခံအခြေအနေတွေ ဘယ်လိုပင် ကွဲပြားခြားနားပစေ၊ အမေရိကန်ကိုရောက်လာလျှင် အဲဒီမတူညီမှုတွေကို ပေါင်းစပ်ပြီး အရာအားလုံး ရောစပ်ထားတဲ့ယဉ်ကျေးမှုပုံစံသစ်တမျိုးဖြစ်လာနိုင်မယ်လို့ အမေရိကန်တွေက အလျင်က မျှော်မှန်းခဲ့ကြတာ။ သူတို့အသုံးအနှုန်းအရ **Melting Pot** ပုံသဏ္ဍာန် ယဉ်ကျေးမှုပေါ့။ သို့ပေမယ့် သူတို့မျှော်မှန်းသလို သူတို့ထင်ထားသလို ဖြစ်မလာပါဘူး။ ဒါကြောင့် ခုတော့ သူ့လူမျိုးစုရဲ့ သူ့ယဉ်ကျေးမှုပုံစံငယ်လေးတွေနဲ့ သီးသီးခြားခြား လှပစွာ တည်ရှိနေတဲ့ လူနေမှုပုံစံကိုပဲ လက်ခံအသိအမှတ်ပြု ဖော်ပြလာကြတယ်။ ဒါကို **Multiculturalism** လူနေမှုပုံစံတဲ့။ အရောင်အသွေးစုံတဲ့ ပန်းချီကားချပ်သဏ္ဍာန် လူနေမှုပုံစံပေါ့။ ဒီစကားက ဟောဒီမိုင်ယာမီမှာ ပိုပြီးလိုက်ဖက်ညီသလို ဖြစ်နေတယ်။ အရောင်စုံတယ်ဆိုပေမယ့် ကော့ကေးရှန်း မဟုတ်တဲ့ လက်တင်နွယ်ဖွား အဖြူတွေတော့ ပိုမိုများသပေါ့။ စပိန်စကားသံက နေရာတိုင်းမှာ။



ဒီမြို့ပြဇရိယာမှာ နေထိုင်သူလူဦးရေက ငါးသန်းခွဲခန့်လို့ ခန့်မှန်းကြပါတယ်။ မိုင်ယာမီကို ၂၀၀၇ အတွက် အမေရိ ကန်နိုင်ငံရဲ့ အသန့်ရှင်းဆုံးမြို့အဖြစ် ကမ္ဘာကျော် ဖော့ဘ်မဂ္ဂဇင်းကြီးက သတ်မှတ်ပါတယ်။ အခြားသူများရဲ့ ပိုင်ဆိုင်မှုတွေကို တွက်ချက်ခန့်မှန်းလေ့ရှိတဲ့ ဆွစ်ဇလန်အခြေစိုက် **the Union Bank of Switzerland (UBS)** ကတော့ မိုင်ယာမီဟာ အမေရိကန်နိုင်ငံရဲ့ တတိယမြောက် အချမ်းသာဆုံးမြို့၊ ကမ္ဘာမှာဆိုလျှင်တော့ နံပါတ် နှစ်ဆယ့်နှစ် အချမ်းသာဆုံးမြို့လို့ သတ်မှတ်ပါတယ်။

ခုတော့ ဒီမိုင်ယာမီရဲ့ ကမ်းခြေတနေရာ။ အိုင်လန်းကွင်းဆိုတဲ့ အပျော်စီးသင်္ဘောငယ်တွေ စတင်ထွက်ရှိတဲ့ ဆိပ်ကမ်းနေရာလေးကို ကိုယ်တို့ရောက်ရှိလို့နေပြီ။ ဒီကအပျော်စီးသင်္ဘောငယ်လေးကိုစီးလို့ မိုင်ယာမီရဲ့ ထင်ရှားတဲ့ ကမ်းခြေအနီးက အလှတွေကို စူးစမ်းပြီး ကြည့်ကြမယ်ပေါ့။ ဘယ်နေရာတွေဆီကို ဒီသင်္ဘောငယ်လေးက ကိုယ်တို့ကို သယ်ဆောင်သွားပြီး မိုင်ယာမီရဲ့ ဘယ်လိုအလှတွေကိုများပြသကာ ဖျော်ဖြေလေမလဲလို့ စိတ်အားထက်သန်နေမိတယ်။ သဘာဝနဲ့ ဖန်တီးမှုကို မျှတစွာပေါင်းစပ်ထားတဲ့ အလှတွေက ရှေ့နောက်အောက်ထက် ဝဲယာတခို ထိတွေ့ကာ စလို့မြင်နေရပြီလေ။



ကိုယ်ရပ်နေတဲ့ ကမ်းစပ်အနီးက ရေပြာပြာပင်လယ်ပြင်ပေါ်မှာတော့ ညီညာစွာ ရပ်နားထားတဲ့ သင်္ဘောငယ်လေးတွေနဲ့ ရွက်လှေလေးတွေက အရွယ်စုံ ဆိုက်စုံ။ ခပ်လှမ်းလှမ်းဆီမှာတော့ ကျွန်းနှစ်ခုကို ကူးယှက်ထားတဲ့ တံတားနှစ်စင်း။ အပေါ်မှာလည်း ကားရောင်စုံတွေ လှစ်လှစ်ပြေးလျက်။ ဟိုခပ်လှမ်းလှမ်းမှာတော့ အခြားကျွန်းတခုပေါ်မှာပဲ ဆောက်လုပ်ထားတဲ့ မိုးမျှော်တိုက်တာတွေက တိမ်လွှာပြင်ထဲမှာ အပြိုင်လုတက်လို့။ တိုက်တွေရှေ့က လမ်းမကျယ်နဲ့အပြိုင် ကမ်းခြေတလျှောက်မှာလည်း ကားကြီးကားငယ်က ဥဒဟို။ အစီအရီစိုက်ပျိုးထားတဲ့ အုန်းပင်နဲ့ ထန်းပင်တွေကြားမှာ စိန်ပြေးတမ်း ကစားနေသည့်နှယ်။ ကိုယ်ရပ်နေတဲ့ဘေးက အကာမဲ့ တဲငယ်လုလုလေးတဆောင်ရဲ့ စင်မြင့်ပေါ်မှာတော့ ဂစ်တာတလုံးနဲ့ ကာရစ်ဘီယံတေးကို အားရပါးရဟစ်ကြွေးနေတဲ့ အဆိုရှင်တဦးက မြူးမြူးကြွကြွ သီဆိုလို့။သူ့တေးသွားနဲ့အတူ စီးချက်မှန်စွာ ခုန်ပေါက်လို့ ကလိုက်ချင်စရာ။ ကိုယ့်ခြေထောက်တွေ မြောက်ကြွမသွားအောင်ပင် သတိထားနေရတယ်။ လက်မှတ်ရောင်းတဲ့ ဂိတ်ဝမှာ ၁၀ မိနစ် ကျော်ကျော်လောက် တန်းစီကာ စောင့်နေရတာကိုပဲ သိပ်ကြာလွန်းလှတယ် ထင်နေမိပါရဲ့။ ဟေး– မိုင်ယာမီ။ I can't wait to see you.